# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

April 3 , 2023 Volume 65, Number 1


၃.၄.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၅၂ US$ |
| မြန်မာ့ရွှေဈေး | = ၂၉၂၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၈၆၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၈.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၇.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၉၁.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၈.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၄.၈၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၄၉၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၉.၅၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၅.၂၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၀၂၀ ကျပ် |

Source: CBM Rate, etrademyanmar.com

## ယခုဘဏ္ဍာနှစ်အတွင်း စက်မှုကုန်ချောတင်ပို့မှုအမေရိကန်ဒေါ်လာ ၁၀ ဒသမ ၇၃ ဘီလီယံကျော် ရရှိပြီးယခင်နှစ်ထက် ၂ ဘီလီယံကျော်ပို

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၏ ဧပြီလ ၁ ရက်မှ မတ်လ ၂၄ ရက် အထိ ပြည်ပသို့ စက်မှုကုန်ချောတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၇၃ ဘီလီယံကျော် ရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဖော်ပြထားသည့် စာရင်းများအရ သိရသည်။

အဆိုပါ တင်ပို့မှုသည် ပြီးခဲ့သည့်နှစ်နှင့်ကာလတူ နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၈ ဘီလီယံ ပိုမိုရရှိထားကြောင်း သိရသည်။ ပြည်ပသို့ ပုဂ္ဂလိကကဏ္ဍမှ စက်မှုကုန်ချောတင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၆ ဒသမ ၈၁ ဘီလီယံကျော်နှင့် နိုင်ငံပိုင်ကဏ္ဍတင်ပို့မှုမှ ကန်ဒေါ်လာ ၃ ဒသမ ၉၁ ဘီလီယံကျော်ရရှိခဲ့ကြောင်း ကုန်သွယ်မှုစာရင်းများအရ သိရသည်။

ပြည်ပသို့ မြန်မာနိုင်ငံမှ လယ်ယာထွက်ပစ္စည်း၊ တိရိစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ စက်မှုကုန်ချောပစ္စည်းနှင့် အခြားပစ္စည်းတွေကို တင်ပို့နေပြီး စက်မှုကုန်ချောတင်ပို့မှုမှ အများဆုံးပို့ကုန်ဝင်ငွေ ရရှိထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ အဓိကပြည်ပပို့ကုန် ၁၀ မျိုးတွင် စက်မှုကုန်ချောတစ်ခုဖြစ်သည့် ချုပ်ပြီး အထည်တင်ပို့မှုသည် ပထမနေရာ ရှိနေခြင်းဖြစ်ကြောင်း၊ စက်မှုကုန်ချောပစ္စည်းများအနက် ချုပ်ပြီးအထည်အပါအဝင် သကြား၊ လက်ဝတ်ရတနာ၊ သဘာဝဓာတ်ငွေ့အစရှိသည့် ကုန်ပစ္စည်းများပါဝင်သည်။

**Source: Popular News Journal**


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ယခုဘဏ္ဍာနှစ်အတွင်း မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးမှ ကန်ဒေါ်လာသန်း ၇၀၀ ကျော်ပိုမိုရရှိထား

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးမှ ကန်ဒေါ်လာသန်း ၇၀၀ ကျော် ပိုမိုရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဖော်ပြထားသည့် ကုန်သွယ်မှုစာရင်းများအရ သိရသည်။

၂၀၂၂ ခုနှစ် ဧပြီလ ၁ ရက်မှ ၂၀၂၃ ခုနှစ် မတ်လ ၂၄ ရက်အထိ မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးမှ ကန်ဒေါ်လာ ၂ ဒသမ ၉၇ ဘီလီယံရရှိထားပြီး ယမန်နှစ်နှင့် နှိုင်းယှဉ်ပါက ကန်ဒေါ်လာ ၇၄၂ ဒသမ ၇၀ သန်း ပိုမိုရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါနယ်စပ်ဂိတ်မှ ပို့ကုန်ဝင်ငွေ ကန်ဒေါ်လာ ၂ ဒသမ ၄၄ ဘီလီယံရရှိထားပြီး သွင်းကုန်တင်သွင်းမှုမှ ကန်ဒေါ်လာ ၅၃၃ ဒသမ ၅၈ သန်းရရှိထားကြောင်းသိရသည်။

ကုန်သွယ်ရေးစခန်းများဖြစ်သည့် မူဆယ်၊ လွယ်ဂျယ်၊ ကံပိုက်တည်နှင့် ကျိုင်းတုံ နယ်စပ်ဂိတ်တို့ကနေ ကုန်သွယ်မှုပြုလုပ်နေပြီး နယ်စပ်ဂိတ်တွေအနက် ၉၀ ရာခိုင်နှုန်းနီးပါး ကုန်သွယ်မှုပြုလုပ်နေသည့် မူဆယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၆ ဘီလီယံရရှိထားပြီး လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၄၁ ဒသမ ၇၁ သန်းရရှိထားကြောင်း သိရသည်။

ယင်းအပြင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၃၃၈ ဒသမ ၆၃ သန်း၊ ကံပိုက်တည်ဂိတ်မှ အမေရိကန်ဒေါ်လာ ၁၁၉ ဒသမ ၀၁ သန်း၊ကျိုင်းတုံဂိတ်မှ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၆၁ သန်းဖြင့် အနည်းဆုံးကုန်သွယ်မှုပြုလုပ်ထားကြောင်း စာရင်းများအရ သိရသည်။

မြန်မာနိုင်ငံမှ ဆန်၊ ဆန်ကွဲ၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဖရဲ၊ သခွား စသည့် လယ်ယာထွက်ကုန်ပစ္စည်းအပါအဝင် ရော်ဘာ၊ ကြက်သွန်၊ ရေထွက်ပစ္စည်း၊ ငရုတ်သီး အစရှိသည့် ကုန်ပစ္စည်းတွေကို တရုတ်ပြည်သို့ တင်ပို့နေပြီး တရုတ်နိုင်ငံဘက်မှ ဆောက်လုပ်ရေးပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ စက်ပစ္စည်း၊ စားကုန်သောက်ကုန်နှင့် ဆေးဝါးများ ပြန်လည်တင်သွင်းလျက်ရှိကြောင်း သိရသည်။

**Source: Popular News Journal**

## ဘုရင့်နောင်ကုန်စည်ဒိုင်၏ (၂၈-၃-၂၀၂၃ မှ ၃၁-၃-၂၀၂၃) အတွင်း ကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲများ၏ (တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2022 Crop) ကျပ် ၂၀၃၈၀၀၀၊ မတ်ပဲ SQ/RC (2022 Crop) ကျပ် ၂၂၉၈၀၀၀ နှင့် ပဲစင်းငုံ Red/RC (2022 Crop) ကျပ် ၂၃၇၀၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2022 Crop) ကျပ် ၃၀၀၀၀၊ မတ်ပဲ SQ/RC (2022 Crop) ကျပ် ၃၀၀၀၀ နှင့် ပဲစင်းငုံ Red/RC (2022 Crop) ကျပ် ၁၅၀၀၀ ဈေးမြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2022 Crop) ကွန်တိန်နာ ၁၇၀ လုံး (တန်ချိန် ၄၀၈၀) ၊ မတ်ပဲ SQ/RC (2022 Crop) ကွန်တိန်နာ ၅ လုံး (တန်ချိန် ၁၂၀) နှင့် Red/RC (2022 Crop) ကွန်တိန်နာ ၅ လုံး (တန်ချိန် ၁၂၀) စုစုပေါင်း ကွန်တိန်နာ ၁၈၀ လုံး(တန်ချိန် ၄၃၂၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲFAQ/RC (2022 Crop) ကွန်တိန်နာ ၅၀ လုံး (တန်ချိန် ၁၂၀၀) သာ ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကွန်တိန်နာ ၁၃၀လုံး (တန်ချိန် ၃၁၂၀) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး (တစ်ပိဿာ ) ဈေးနှုန်းများမှာ မြှားနီ ကျပ် ၁၀၅၀၀၊ ပန်းရဲငရုတ်(သစ်) AC ကျပ် ၁၁၀၀၀၊ မိုးထောင်( ဒီမွန်) ကျပ် ၁၁၅၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၃၀၀၀ နှင့် မြစ်ဝ(ပု)သစ် ကျပ် ၁၄၅၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မြှားနီ ကျပ် ၅၀၀၊ မိုးထောင်( ဒီမွန်) ကျပ် ၃၀၀နှင့် မြစ်ဝ(ပု)သစ် ကျပ် ၅၀၀ ဈေးကျဆင်းခဲ့ပြီး ကျန်ငရုတ်ဈေးများငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ငရုတ်ရှည် အိတ်ပေါင်း ၈၁၀၀ (၁၆၂၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၂၂၀၀ (၃၃၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည် အိတ်ပေါင်း ၈၀၀၀ (၁၆၀၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၁၇၀၀ (၂၅၅၀၀ ပိဿာ) ဝင်ရောက်ခဲ့သဖြင့် ငရုတ်ရှည်အိတ်ပေါင်း ၁၀၀ (၂၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၅၀၀ (၇၅၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မန်ကျည်း**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၁၈၅၀ ၊ မန်ကျည်းအသား (သစ်) ကျပ် ၂၇၀၀ နှင့် ရမည်းသင်း ဒါးဇင်း (သစ်) ကျပ် ၁၇၅၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းဈေးများငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့်သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား(တစ်ပိဿာ)ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒုံး) ကျပ် ၂၃၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၂၇၅၀၊ ပခုက္ကူကြမ်းကျပ် ၂၅၀၀၊ ရေစကြိုထန်းလျက်(ချော) ကျပ် ၃၅၀၀၊ ကြံသကာ(စစ်) ကျပ် ၂၈၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၃၀၅၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း

အမျိုးအစားအားလုံး ဈေးငြိမ်လျက်ရှိသည်။

**Source: Domestic (Ygn) MITC**

## တရုတ်ဈေးကွက်တွင် ဖရဲ၊ သခွား ရာသီကုန်ချိန်ရောက်ပြီဖြစ်၍ ဈေးကောင်းရ



မကွေးဂျာနယ်

ပြည်တွင်းမှ တင်ပို့သည့် ဖရဲ၊ သခွားများကို တရုတ်ဈေးကွက်သို့ တင်ပို့လျက်ရှိရာ ရာသီကုန်ချိန် ရောက်ရှိပြီဖြစ်၍ ဈေးကောင်းရနေပြီး အစီးလိုက်ပြတ်ဈေးမှာ တရုတ်ယွမ်ငွေ ၉၀၀၀၀ အထိရရှိကြောင်း မူဆယ် ၁၀၅ မိုင် သစ်သီးဝလံ ဈေးကွက်မှ သိရသည်။

ဖရဲသခွားမှာ ရာသီကုန်ချိန်ဖြစ်၍ ရှားပါးလာသောကြောင့် မူဆယ် ၁၀၅ မိုင်သို့ ဝင်ထွက်သည့် သစ်သီးကားများမှာ မတ်လ ဒုတိယပတ်နောက်ပိုင်း တစ်ရက်လျှင် အစီးရေ ၉၀ ဝန်းကျင်သာရှိကာ လျော့နည်းသွားသည်ဟုဆိုသည်။

"ဖရဲသခွားတွေက ရှမ်းပြည်ဘက်က နောက်ဆုံးထွက်တဲ့အသီးတွေ ဈေးကွက်ရောက်လာတယ်။ ရာသီချိန်ကုန်ပြီဖြစ်လို့ မတ်လဆန်းက တစ်ရက်ကို သစ်သီးကားအစီးရေ ၁၅၀ ဝန်းကျင် လောက်ဝင်ရောက်ပေမယ့် ခုနောက်ပိုင်း အစီးရေ နည်းလာတယ် "ဟု မူဆယ် ၁၀၅ မိုင်ကုန်စည်ဒိုင်မှ တာဝန်ခံ ဒေါ်ရီရီကပြောသည်။

တရုတ်ဈေးကွက်၌ မတ် ၂၅ ရက်က ဖရဲသီး ၈၅၅ မှာ အစီးပြတ် ယွမ် ၇၀၀၀၀ ကျော်နှင့် ထိုင်ဝမ်အသီးမှာ တစ်ကီလိုလျှင် ၆ ဒသမ ၅ ယွမ်၊ သခွားမှာ ၈ ဒသမ ၂ ယွမ် ပေါက်ဈေးရှိခဲ့ပြီး ၂၉ ရက်တွင် ဖရဲသီး ၈၅၅ မှာ အစီးပြတ် ယွမ် ၉၀၀၀၀ နှင့် ထိုင်ဝမ်အသီးမှာ တစ်ကီလိုလျှင် ၈ ဒသမ ၅ ယွမ်၊ ရွှေသခွားမှာ ၈ ဒသမ ၂ ယွမ် ပေါက်ဈေးရှိကာ ဈေးကောင်းရနေသည်။

တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေးဂိတ်များ ပြန်လည်ဖွင့်လှစ်ပြီး သစ်သီးကားများ၊ ရေထွက်ပစ္စည်းများ၊ ကြံ စသည်တို့မှာ တိုက်ရိုက်တင်ပို့ရောင်းချနိုင်ခြင်းနှင့် စစ်ဆေးမှုများ လျှော့ပေါ့ခြင်းတို့ကြောင့် နယ်စပ်ကုန်သွယ်မှုတွင် ယခင်ထက် မြန်ဆန်လာကြောင်း သိရသည်။

"တရုတ်ဈေးကွက်မှာ ဖရဲ၊ သခွားတင်ပို့ရင် အရည်သွေးကောင်းဖို့လိုသလို နယ်စပ်ဖြတ်ကျော်မှုမှာ ကြန့်ကြာရင်လည်း အသီးတွေက အရည်အသွေးကျသွားနိုင်တယ်။ ဈေးမကိုက်ဘူးဆိုပြီး ပြန်သယ်လို့လည်းမဖြစ်တဲ့ ကုန်စိမ်းဖြစ်တော့ ထိခိုက်ဆုံးရှုံးမှုကကြီးမားတယ် "ဟု မူဆယ် ၁၀၅ မိုင်မှ ဖရဲ၊ သခွားပွဲရုံပိုင်ရှင်တစ်ဦးကပြောသည်။

**Source: မကွေးဂျာနယ်**

## ဈေးကွက်အာမခံချက်ရှိလာတာကြောင့် အစေ့ကြားကြက်ဆူ စိုက်ပျိုးရန်တောင်သူများ စိတ်ဝင်စားလာ



မကွေးဂျာနယ်

အခြားသီးနှံများထက် စီးပွားရေးတွက်ခြေကိုက်တာကြောင့် အစေ့ကြားကြက်ဆူကို စိုက်ပျိုးရန် တောင်သူများ စိတ်ဝင်စားလာကြောင်း စမ်းသပ်စိုက်ပျိုးသည့် တောင်သူများထံက သိရသည်။

ယင်း အစေ့ကြားကြက်ဆူမှာ ယခင်မြန်မာနိုင်ငံမှာ စိုက်ပျိုးခဲ့သော ခြံစည်းရိုးကြက်ဆူနှင့် လုံးဝမတူဘဲ အထွက်နှုန်းမြင့် Hybrid မျိုးဖြစ်သည်။ တစ်ဧကလျှင် အနည်းဆုံး တင်း ၆၀ ထွက်ရှိပြီး သွင်းအားစုနှင့် ပြုစုမှုကောင်းပါက တစ်ဧကလျှင် တင်း ၈၀ မှ ၁၀၀ အထိ ထွက်ရှိနိုင်ကြောင်း တစ်ဧကလျှင် အကျိုးအမြတ် ငွေကျပ် ၂၄ သိန်းမှ သိန်း ၃၀အထိ ရရှိနိုင်ကြောင်း Greenserve Agri Business Co.,ltd MD မှ အုပ်ချုပ်မှု ဒါရိုက်တာ ဦးမျိုးမင်းထွန်းက ပြောသည်။

"ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးမှာ ကြက်ဆူ ဧက ၅၀၀မှ ၁၀၀၀ ကြား စမ်းသပ်စိုက်ပျိုးပြီးဖြစ်ပါတယ်။ တောင်သူတွေကို စိုက်ပျိုးလိုသလောက် မျိုးစေ့ထောက်ပံ့ပေးပြီး ကြက်ဆူအသီးရရှိချိန်တွင်လည်း ဈေးကွက်ပေါက်ဈေးအတိုင်း ဝယ်ယူဖို့ စာချုပ်ချုပ်ဆိုပေးသွားမှာပါ။ ဈေးကွက်အာမခံချက်ရှိလာတော့ တောင်သူတွေ အစေ့ကြားကြက်ဆူစိုက်ပျိုးဖို့

စိတ်ဝင်စားလာကြပါတယ် ” ဟု ၎င်းကပြောသည်။

အစေ့ကြီးကြက်ဆူကို မိုးကောင်းသောက်ဒေသများတွင် စိုက်ပျိုးနိုင်ပြီး အစိုဓာတ်ကောင်းစွာရရှိနိုင်ရန် မေလမှ အောက်တိုဘာလအထိ စိုက်ပျိုးနိုင်သည်။ ပင်ကြား၊ တန်းကြား၊ သုံးပေ_ နှစ်ပေမှ လေးပေ_ငါးပေ စနစ်ဖြင့် စိုက်ပျိုးနိုင်သည်။ ရေဓာတ်ကောင်းမွန်စွာ ရရှိရန်လိုအပ်သော်လည်း ပင်ခြေရေဝပ်ခြင်းကို မကြိုက်ပေ။ အပင်စိုက်ပျိုးသက်တမ်း ရက်ပေါင်း ၁၂၀မှ ၁၅၀ အထိ စိုက်ပျိုးရပြီး သွင်းအားစုသုံးစွဲမှုနှင့် အပင်ပြုစုမှုကောင်းမွန်ပါက တင်း ၈၀ ခန့် အနည်းဆုံးထွက်ရှိပြီး လက်ရှိ တစ်တင်းလျှင် ငွေကျပ် သုံးသောင်းခန့်ပေါက်ဈေးရှိတာကြောင့် အခြားသီးနှံများထက် စီးပွားရေးတွက်ခြေကိုက်ကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## မြန်မာ့ပြောင်းများကို ထိုင်းဝယ်လိုအားများနေ

မြန်မာနိုင်ငံမှ ထွက်ရှိသည့် ပြောင်းသီးနှံကို ထိုင်းနိုင်ငံက အဝယ်လိုက်ကာ ဝယ်လိုအားများနေကြောင်း မြန်မာ့ပြောင်း လုပ်ငန်းအသင်းမှ သိရသည်။

လက်ရှိတွင် ပြောင်းဈေးနှုန်းမြင့်တက်နေပြီး တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀ အထိ ရရှိနေကာ တစ်ရက်လျှင်ပြောင်းကား အစီးရေ ၂၀၀ ခန့် တင်ပို့နေရကြောင်းသိရသည်။

ပြည်တွင်းမှထွက်ရှိသည့် ပြောင်းသီးနှံများကို မြဝတီနယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းမှတစ်ဆင့် ထိုင်းနိုင်ငံသို့ တင်ပို့လျက်ရှိပြီး ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် တရုတ်နိုင်ငံတို့သို့ ပင်လယ်ရေကြောင်းမှတစ်ဆင့် တင်ပို့နေခြင်းဖြစ်သည်။

ထိုင်းနိုင်ငံ၏ ကုန်သွယ်ရေးမူအရ မြန်မာ့ပြောင်းသီးနှံကို နှစ်စဉ်ဖေဖော်ဝါရီ ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ အကောက်ခွန် သက်သာခွင့် သုညရာခိုင်နှုန်းဖြင့် တင်သွင်းခွင့်ပေးထားခြင်းဖြစ်သည်။

ယခုကာလသည် ပြည်တွင်း၌ ဆောင်းပြောင်းများ ထွက်ရှိချိန်ဖြစ်ပြီး ဧရာဝတီ၊ ပဲခူး၊ မန္တလေးနှင့်မကွေးတိုင်းဒေသကြီး တို့တွင် စိုက်ပျိုးကာ နှစ်စဉ်ပြောင်းတန်ချိန် နှစ်သိန်းခွဲဝန်းကျင်ထွက်ရှိကြောင်း သိရသည်။

**Source:** https://t.me/sdtimedaily

## ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၁ ခု ထပ်မံခွင့်ပြု

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၃/၂၀၂၃)ကြိမ်မြောက် အစည်းအဝေးတွင် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၁ ခုကို ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

ကော်မတီအနေဖြင့် စက်မှုကဏ္ဍတွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှစ်ခုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ခုနစ်ခု၊ ဝန်ဆောင်မှုကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းနှစ်ခုတို့ကို အတည်ပြုပေးခဲ့ခြင်းဖြစ်သည်။

အတည်ပြုပေးခဲ့သည့်လုပ်ငန်းများမှာ Warehousing services and logistics services လုပ်ငန်း၊ ဟိုတယ် ဝန်ဆောင်မှုလုပ်ငန်း၊ ဆန်ကြိတ်ခွဲခြင်း၊ ဆန်ဖွပ်ချောသန့်စင်ထုတ်လုပ်ခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် အဝတ်အထည်၊ လျှပ်စစ်ဝိုင်ယာကြိုးအမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်းများနှင့် အလူမီနီယမ်၊ ခဲမဖြူ (သံဖြူ)နှင့် ကြေးနီသတ္တုထုတ်လုပ်၍ ၁၀၀ ရာခိုင်နှုန်း ပြည်ပသို့တင်ပို့ခြင်းလုပ်ငန်းတို့ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းပမာဏမှာ ကျပ်သန်း ၇၅၀နှင့် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၆၀၆ သန်းဖြစ်ပြီး စုစုပေါင်းလုပ်ငန်း ၁၁ ခုတို့မှ လူဦးရေ ၄၃၂၂ ဦးအတွက် ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင် မည်ဖြစ်ကြောင်း သိရသည်။

**Source:** https://t.me/sdtimedaily

## ဒေသထုတ်ကုန်ပြိုင်ပွဲတွင် ရခိုင်ငါးပိဖူးထုတ်ကုန် ပထမရ

မြန်မာနိုင်ငံ တစ်နိုင်ငံလုံးအတိုင်းအတာအရ ပြုလုပ်သည့် ဒေသထုတ်ကုန်ပြိုင်ပွဲတွင် ရခိုင်ဒေသထွက် ငါးပိဖူးနှင့် ဆက်စပ်ထုတ်ကုန်များဖြင့် ကျောက်ဖြူမှလုပ်ငန်းရှင်တစ်ဦးက ဝင်ရောက်ယှဉ်ပြိုင်ရာ ပထမဆုရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာပြည်အနှံ့ရှိ MSME လုပ်ငန်းရှင်များက လူသုံးကုန်၊ အလှကုန်နှင့် စားသောက်ကုန်စသည့် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးတို့ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ရခိုင်ဒေသထွက် ငါးပိဖူးနှင့်ဆက်စပ်ထုတ်ကုန်က စားသောက်ကုန် အကောင်းဆုံးဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

နေပြည်တော်တွင် ပြီးခဲ့သည့် မတ် ၁၇ ရက်မှ ၁၉ ရက်အထိ သုံးရက်ကြာပြုလုပ်ခဲ့သည့် အသေးစားစက်မှုလက်မှု ထုတ်ကုန်နှင့်ထုပ်ပိုးမှုဆိုင်ရာ စက်ပစ္စည်းများပြိုင်ပွဲတွင် ရခိုင်ဒေသထွက် ငါးပိဖူးထုတ်ကုန်များဖြစ်သော ဝိုင်၊ ငါးသကာရည်၊ ကော့တေးလ်၊ ငါးယို ထုတ်ကုန်ပစ္စည်းများဖြင့် ကျောက်ဖြူမြို့မှ "ဟိန်းရွှေရောင်" ဒေသထုတ်ကုန်လုပ်ငန်းက ပြည်နယ်ကိုယ်စားပြုအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

ယင်းလုပ်ငန်းသည် ကျောက်ဖြူမြို့ အရာရှိရပ်ကွက်တွင်ရှိပြီး ငါးပိဖူးဖြင့် ဝိုင်၊ ငါးသကာရည်၊ ကော့တေးလ် အပါအဝင် ထုတ်ကုန် ၁၀ မျိုးထုတ်လုပ်၍ ကျောက်ဖြူ၊ မာန်အောင်၊ စစ်တွေတို့တွင် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**Source:** https://t.me/sdtimedaily

## STOCK EXCHANGE (3.4.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 3rd Apr. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 992 (Shares) | 3,590,850 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | +0 | +0.00% | 7,900 | 8,100 | 7,900 | 214 | 1,691,000 | 33,109,694 | 264,878 |
| MTSH | 00002 | 3,100 | +0 | +0.00% | 3,100 | 3,100 | 3,000 | 455 | 1,366,100 | 38,929,150 | 120,680 |
| MCB | 00003 | 7,300 | +0 | +0.00% | 7,300 | 7,300 | 7,300 | 0 | 0 | 10,400,986 | 75,927 |
| FPB | 00004 | 1,500 | +0 | +0.00% | 1,500 | 1,500 | 1,500 | 289 | 433,500 | 29,664,613 | 44,497 |
| TMH | 00005 | 2,650 | +150 | +6.00% | 2,500 | 2,650 | 2,500 | 3 | 7,650 | 12,823,224 | 33,982 |
| EFR | 00006 | 2,600 | -50 | -1.89% | 2,600 | 2,600 | 2,600 | 26 | 67,600 | 19,977,223 | 51,941 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 5 | 25,000 | 10,497,598 | 52,488 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 3rd Apr. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 365.70 | +0.53 | +0.15% | 363.30 | 365.70 | 360.52 | 992 | 3,590,850 | 7 | 644,393 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 3rd Apr. 2023

| Trading Volume | Trading Value |
|---|---|
| 992 (Shares) | 3,590,850 (MMK) |

### Main Board

As of 1:00 pm, 3rd Apr. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 992 (Shares) | 3,590,850 (MMK) |

| MYANPIX | 365.70 ▲ 0.53 |
|---|---|
| Total Volume (shares) | 992 |
| Total Value (MMK) | 4 mil |
| Listed Company | 7 |
| Market Cap. (MMK) | 644,393 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▲ 0 |
| MTSH | 00002 | 3,100 | ▲ 0 |
| MCB | 00003 | 7,300 | ▲ 0 |
| FPB | 00004 | 1,500 | ▲ 0 |
| TMH | 00005 | 2,650 | ▲ 150 |
| EFR | 00006 | 2,600 | ▼ 50 |
| AMATA | 00007 | 5,000 | ▲ 0 |

TIR